ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးကျေးရွာအုပ်စု၊ သာယုကျေးရွာ

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်ပြမြေပုံ | ၃ |
| ၂။ | အုပ်စုမြေပုံ | ၄ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၅ |
| ၄။ | ကျေးရွာသမိုင်းကြောင်း (ကျေးရွာအခြေခံအချက်အလက်များ) | ၆-၇ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၈ |
| ၆။ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ | ဉစ္စာခနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ | ဉစ္စာခနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ | ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ | ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ | အရင်းအမြစ်အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅-၁၆ |
| ၁၃။ | အရင်းအမြစ် အသုံးပြုမှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက် | ၁၇ |
| ၁၄။ | ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ | ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉-၂၀ |
| ၁၆။ | အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၁ |
| ၁၇။ | အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၂ |
| ၁၈။ | ကော်မတီဝင်များစာရင်း | ၂၃-၂၄ |
| ၁၉။ | ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၅-၂၇ |
| ၂၀။ | စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၈-၂၉ |
| ၂၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၀-၃၁ |
| ၂၂။ | အစည်းအဝေးမှတ်တမ်းများ | ၃၂-၃၃ |
| ၂၃။ | ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၄-၃၅ |
| ၂၄။ | ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းဇယား | ၃၆ |
| ၂၅။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ | ၃၇ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | လွိုင်လင်လေး | ကျောက်ကြီး (မြောက်) | |
| ၂။ | လွိုင်လင်လေး | ကုန်းဆွတ် | |
| ၃။ | လွိုင်လင်လေး | ထီရိ | |
| ၄။ | လွိုင်လင်လေး | လွိုင်လင်လေး | |
| ၅။ | လွိုင်လင်လေး | ဒေါ်တနော | |
| ၆။ | လွိုင်လင်လေး | ဝမ့်ကုန်း | |
| ၇။ | လွိုင်လင်လေး | ထနောင်းညွှန့် | |
| ၈။ | လွိုင်လင်လေး | သာယု | |
| ၉။ | လွိုင်လင်လေး | ခုတ်လော | |
| ၁၀။ | လွိုင်လင်လေး | နန်းနောက် | |
| ၁၁။ | လွိုင်လင်လေး | နန်းလွှာ | |
| ၁၂။ | လွိုင်လင်လေး | ပိန်းချစ် | |
| ၁၃။ | လွိုင်လင်လေး | အိုင်စန့် | |

## လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

## (၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-လွိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ - ၂၂.၁၁.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

၁၉၆၇ ခုနှစ်မှစ၍ ဦးကနိသည် သာယုကျေးရွာအလယ် ကယန်းကျေးရွာအုပ်စု ဖယ်ခုံမြို့နယ် ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေထိုင်ခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု၊ သာယုကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ခြင်းအကြောင်းရင်းမှာ သာယုရွာဟောင်းတွင် ရွာဧရိယာကျဉ်းမြောင်းပြီး လူဦးရေ တိုးလာခြင်းကြောင့် လာရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။

ဦးကနိ၊ ဦးကြား၊ ဦးခူးယူ၊ ဦးလုမိုး တို့သည် သက်ဆိုင်ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းသန်းတင်ထံ ထောက်ခံစာရယူပြီး လွိုင်လင်လေး နန်းတီ၊ ပိန်းချစ်၊ ထီးစဲခါး၊ ခုတ်လော၊ နောင်ပါရင်၊ စမ်းဟေး စသည် ကျေးရွာများမှ ကူညီပံ့ပိုးမှု ရရှိခဲ့ပါသည်။ ၁၉၆၆ ခုနှစ်တွင် ၄င်းတို့ မိသားစုဝင်များနှင့် ဤဒေသကို စိတ်ဝင်စားသူစုစုပေါင်း (၁၀)ဦးသာရှိပြီး ရွာ၏ဓလေ့ထုံးထမ်းဖွဲ့စည်းပုံတွင် ရွာသူကြီး ဦးကနိ၊ သာသနာဆရာ ဦးကာမေးလို့ရှယ်ကျောင်းဒကာ ဦးဂျိုးဇက်ရှန်းအဖွဲ့ဝင် ဦးကြာ၊ ဦးစူး တို့မှ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၁၉၆၇ ခုနှစ်တွင် ကက်သလစ်သာသနာဆရာ ဦးကာမေးလို့ရှယ်နှင့် ပညာရေးကိုယ်ထုကိုယ်ထ ဆရာဦးလှသန်းတို့မှ ဘာသာရေးနှင့် ပညာရေးအတွက် ယာယီအဆောင်တစ်ဆောင် ဦးဆောင်ဆောက်လုပ်ခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ ဦးဘဟုန်းနှင့် အဖွဲ့အစည်းပေါင်းစုံလာရောက်ကွင်းဆင်းပြီး သာယုရွာသစ်ဟု အသစ်အမှတ်ပြုခဲ့ပြီး နောက်ထပ် ကောင်စီဥက္ကဋ္ဌအဖြစ် ဦးကနိကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

လွန်ခဲ့သောကာလတွင် ဤဒေသဖြစ်သော သာယု၊ နန်းနောက်၊ ခုတ်လော ကျေးရွာများသည် ငှက်ဖျားရောဂါထူထပ်သောကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့ နောက်နေးခဲ့ရပါသည်။ ထို့ကြောင့် လက်လှမ်းမီရာ အကူအညီ

တောင်းခံကာ အသင်းအဖွဲ့အသီးသီးမှ ဆေးဝါးများ၊ ကျန်းမာရေးပညာပေးဟောပြောပွဲများ၊ ကျန်းမာရေးအသိပညာများ ကူညီပံ့ပိုးခဲ့ပါသည်။

သာယာကျေးရွာသည် ရေရှားပါးသောကြောင့် ၁၉၉၇ ခုနှစ်တွင် ဂရုဏာအဖွဲ့အစည်းနှင့် လူထုပူးပေါင်းပြီး ရွာအနောက်ဘက်ရှိ (၃)မိုင် ၂ ဖာလုံရှိသော နောင်လုံရေထွက်ပေါက်တွင် ရေသွယ်ယူရရှိခဲ့ပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဦးဖိလိပို

ရာထူး - လူထုစည်းရုံးရေးမှူး


# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/ Resource Map) | ၂၀၁၇.၁၁.၂၂ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၂၁ | ၂၈ | ၄၉ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၁၇.၁၁.၂၂ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၁ | ၂၈ | ၄၉ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၁.၂၂ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၁ | ၂၈ | ၄၉ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင် ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၀၁၇.၁၁.၂၂ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၁ | ၂၈ | ၄၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၇.၁၁.၂၂ | အမျိုးသား၊ အမျိုးသမီးများ | ၂၁ | ၂၈ | ၄၉ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၀၁၇.၁၁.၂၂ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၂၁ | ၂၈ | ၄၉ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် ...[illegible]... ကျေးရွာအုပ်စု [illegible] ကျေးရွာ ...[illegible]... ရက်စွဲ ၂၂-၁၀-၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား - ၂၁

မ - ၂၈

မှတ်တမ်းတင်သူ

အမည် [illegible]

ရာထူး [illegible]

# လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

သာယုကျေးရွာသည် ၁၉၆၅ခုနှစ်မှစတင်၍ တည်ထောင်ခဲ့ပါသည်။ ကျေးရွာစတင်တည်ထောင်ချိန်တွင် အိမ်ခြေပေါင်း(၁၃)အိမ်ဖြင့် စတင်နေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် သာယုကျေးရွာသည် အိမ်ခြေပေါင်း(၈၄)အိမ်အထိ တိုးများလာပါသည်။ တစ်ရွာလုံး ခရစ်ယာန်ဘာသာ ကိုးကွယ်ကြပါသည်။ အိမ်ခြေပေါင်း(၈၄)အိမ်ရှိသည့်အနက် (၁၃)အိမ်သည် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ဦးစီးမရှိသော မုဆိုးမအိမ်များဖြစ်ကြပါသည်။

အဓိက အသက်မွေးဝမ်းကြောင်းမှာ တောင်ယာဖြစ်ပါသည်။ လယ်ကိုလည်း အနည်းအကျဉ်းသာ လုပ်ကိုင်ကြပါသည်။ တောင်ယာတွင် စိုက်ပျိုးသောသီးနှံများမှာ ပြောင်း၊ ပဲစိမ်းငုံ၊ မြေပဲ၊ တောင်ယာစပါးနှင့် နှမ်းများအဓိက စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ လယ်ယာတွင် စပါးတစ်မျိုးသာ စိုက်ပျိုးကြပါသည်။ သာယုကျေးရွာသည် တောင်တန်းများတံတိုင်းကြီးသဖွယ် ကာရံထားသောရွာတစ်ရွာ ဖြစ်ပါသည်။ ရွာ၏အရှေ့ဘက်တွင် တန်ဖိုးရှိသောသဲတောင် ကျောက်တောင်ကြီး ပေါ်များလှပါသည်။ တောင်တန်းပေါ်များသောကြောင့် သဘာဝ ပေါက်သစ်တောကြီးများ၊ ဝါးပင်များအလွန်ပေါများသည့်အပြင် ဆေးဖက်ဝင်အပင်များလည်း ရှိပါသည်။ ထို့ကြောင့်တစ်နှစ်တစ်ခြားအိမ်ခြေများ တိုးလာသည်နှင့်အလျောက် လူဦးရေလည်း ယခုနှစ်ဆိုပါလျှင်စုစုပေါင်း(၄၂၅)ဦးခန့်ရှိနေပါသည်။

ကျေးရွာအတွက်သောက်သုံးရေကို UNDP မှ ကူညီပံ့ပိုး၍ သွယ်ပေးခဲ့ပါသည်။ ၄င်းရေသည် တောင်ကြားစိမ့်စမ်းရေဖြစ်သောကြောင့် အလွန်ကြည်လင်အေးမြလှပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် အနာဂတ်အလင်းရောင်ခြည်အတွက် အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းရှိပြီး ကက်သလစ်ခရစ်ယာန်ရွာတစ်ရွာဖြစ်သောကြောင့် တနင်္ဂနွေနေ့များတွင် လူငယ်၊ လူကြီးအရွယ်သုံးပါးတို့သည် ဝိညာဉ်ရေးအတွက် ဝတ်ပြုဆုတောင်းရန်အတွက် ဘုရားကျောင်းလည်းရှိပါသည်။ ရွာ၏ အလယ်တွင် ၃နှစ်မှ၅နှစ်ထိရှိသော ကလေးငယ်များအတွက် မူကြိုကျောင်းတစ်ကျောင်းဆောက်လုပ်ထားပါသည်။ ကျေးရွာ၏တောင်ဘက်တွင် ကျေးရွာသူကျေးရွာသားများ ကျန်းမာသန်စွမ်းမှုရှိရန်အတွက် ကျန်းမာရေးဆေးပေးခန်းလည်း ရှိပါသည်။ ကျေးရွာသူကျေးရွာသားများသည် ကျန်းမာသောကြောင့် ကာယ၊ ဉာဏဖွံ့ဖြိုးလာသည့်အပြင် လူမှုရေးစိတ်ဓာတ်၊ ရပ်ရွာဖွံ့ဖြိုးမှုအတွက်ပူးပေါင်းပါဝင် လိုသောစိတ်ဓာတ်၊ သာရေးနာရေးပါဝင် ကူညီတတ်သောစိတ်လည်းရှိကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

ကျေးရွာအုပ်စုအမည်-လွိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ -၂၂.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ထော်လဂျီ၊ကိုင်းရှည်စက်၊လယ်ယာ(၅)ကေအထက်၊ တိုက်အိမ်၊ ဆိုင်ကယ်၊ နွား(၃)ကောင်အထက်၊ ဝက်(၂) အထက်၊ | ၇ | ၈.၃၃% |
| အလယ်အလတ် | ကိုင်းရှည်စက်၊ ဆိုင်ကယ်၊ လယ်ယာ(၅)ကေအောက်၊နွား (၃)ကောင်အောက်၊ ဝက်(၂)အောက်၊ ပျဉ်အိမ်၊ သွပ်မိုး ၊ | ၂၃ | ၂၇.၃၈% |
| ဆင်းရဲ/နွမ်းပါး | တောင်ယာအနည်းငယ်၊ ဝါးထရံအိမ်၊သက်ကယ်မိုး ၊ ကျပန်းလုပ်ကိုင် | ၅၄ | ၆၄.၂၉% |
| စုစုပေါင်း အိမ်ထောင်စု | | ၈၄ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ -

ကျား -၂၁ဦး

မ -၂၈ဦး

မှတ်တမ်းတင်သူ -

အမည် - ဦးဖိလိပို

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

သာယုကျေးရွာသည် အိမ်ခြေပေါင်း(၈၄)အိမ်ရှိသည့်အနက် ဥစ္စာပိုင်ဆိုင်မှုများသောအိမ်ခြေပေါင်း (၇)အိမ်သာရှိပြီး ချမ်းသာအဆင့်သတ်မှတ်ထားပါသည်။ ၄င်းမှာ တိုက်အိမ်၊ သွပ်မိုး၊ ထော်လဂျီ၊ ကိုင်းရှည်၊ လယ်ယာတောင်ယာ(၅)ကေအထက်၊ ဆိုင်ကယ်၊ ကြက်၊ ဝက်များပိုင်ဆိုင်ထားပါသည်။ ဥစ္စာပိုင်ဆိုင်မှုများရခြင်းအကြောင်းရင်းမှာ ဘိုးဖွားများမှ လက်ဆင့်ကမ်းအမွေ ပိုင်ဆိုင်ခွင့်ရရှိခြင်း၊ အရင်းအနှီးရှိ၍ အငှါးလုပ်သမား ငှါးရမ်းနိုင်ခြြင်း၊ လယ်ယာမြေများ တိုးချဲ့ဝယ်ယူနိုင်ခြင်း ကြောင့်ဖြစ်သည်။

အလယ်အလတ်တန်းစားများ (၂၃)အိမ်ရှိပါသည်။ ယင်း(၂၃)အိမ်သည် တောင်ယာ (၅)ကေအောက်၊ ပျဉ်ထောင်အိမ်သွပ်မိုး၊ ဆိုင်ကယ်၊ ကြက်၊ ဝက်များ ပိုင်ဆိုင်ထားပါသည်။

နွမ်းပါးသောအဆင့်အိမ်ခြေပေါင်း (၅၄) အိမ် ရှိပါသည်။ ယင်း(၅၄)အိမ်မှာ ပျဉ်အိမ်၊ သက်ကယ်မိုး၊ တောင်ယာ အနည်းငယ်ရှိပြီး ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ ဤကဲ့သို့ နွမ်းပါးအဖြစ်သတ်မှတ်ရခြင်းမှာ တောင်ယာမြေပိုင်ဆိုင်မှု အလွန်နည်းပါးခြင်း၊ အရင်းအနှီးမရှိခြင်း၊ ကလေးဦးရေများခြင်း၊ မိဘများထံမှလက်ဆင့်ကမ်းအမွေ မရရှိခြင်းတို့ ကြောင့်ဖြစ်ပါသည်။ ပညာရေးတွင် အရင့်အရင်ထက်စာလျှင် ပညာရေးအားပေးမှု ရှိလာပါသည်။ အချို့သောမိသားစုကိုသာလျှင် ပညာရေးအားပေးမှုနည်းပါးသေးသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဆင်းရဲချမ်းသာ မခွဲခြားဘဲ ပူးပေါင်းပါဝင်ခြင်း၊ သာတူညီမျှပူးပေါင်းလုပ်ဆောင်ခြင်း၊ မျှဝေခံစားခြင်း စိတ်ဓာတ်များရှိကြပါသည်။နွမ်းပါးမိသားစုများ၊ အလယ်အလတ်မိသားစုများအတွက် စိုက်ပျိုးရေးနည်းပညာ ရရှိရန်၊ ဝင်ငွေတိုးပွားရန်၊ အရင်းအနှီး များရရှိရန်၊ နေ့စားအလုပ်ငှါးရန် ဖိတ်ခေါ်ပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | | | | | | | | | | |
| ဝင်ငွေ/ထွက်ငွေ | $ (blue) | | $$ (red) | $$$ (red) | $ (red) | $$ (red) | $$ (red) | $$ (blue) / $ (red) | $$ (blue) / $$$ (red) | $ (blue) | $ (red) | |
| ကျန်းမာရေး | | | ငှက်ဖျား/ | တုပ်ကွေး | | | | အအေးမိ/ချောင်းဆိုး | | | ဝမ်းလျော/ဝမ်းပျက် | |
| ပွဲလမ်းသဘင် | | | | | | | | သင်္ချိုင်းပွဲ | ခရစ္စမတ်ပွဲ | | | |
| သောက်သုံးရေ ရရှိမှု | | | ရေလုံလောက်မှုရှိ | | | | | | | | | |
| အစားအစာဖူလုံမှု | | | | | | | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား- ၂၁

မ- ၂၈

မှတ်တမ်းတင်သူ

အမည် - ဦးဖိလစ်ပို

ရာထူး - ယုထုစခွင် ရွာ ကျေးရွာ

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

သာယုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မေလနောက်ဆုံးပတ်တွင် စိုက်ပျိုးကြ၍ နိုဝင်ဘာလတွင် စတင်၍ရိတ်သိမ်းကြသည်။ လယ်တွင် စပါးကိုစိုက်ပျိုးကြသည်။ တောင်ယာတွင် တောင်ယာစပါး၊ ပြောင်း၊ နမ်း၊ မြေပဲ၊ ပဲစန်းငုံ စသည်တို့ကို စိုက်ပျိုးကြသည်။

ရောဂါဖြစ်ပွားမှုအခြေအနေမှာ မေလမှ ဇူလိုင်လတွင် ကလေးသူငယ်များနှင့် လူအိုများ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ခြင်း၊ တုတ်ကွေးရောဂါဖြစ်ခြင်း စသောရောဂါဝေဒနာများ ခံစားတတ်ကြပါသည်။ နွေရာသီဖြစ်သော မတ်လမှဧပြီလအထိ တောမီးများလောင်ခြင်းဖြစ်တတ်ပါသည်။ ရေလည်းအနည်းငယ် အခက်ခဲရှိတတ်ပါသည်။

ပွဲလမ်းသဘင်များအနေဖြင့် ဆောင်းရာသီတွင် ကက်သလစ်ခရစ်ယာန်တို့၏ သချိုင်းပွဲကျင်းပခြင်း၊ ကယန်းနှစ်သစ်ကူးပွဲကျင်းပခြင်း၊ ကမ္ဘာ့နှစ်သစ်ကူးပွဲကျင်းပခြင်းနှင့် ခရစ္စမတ်ပွဲတော်လည်းရှိပါသည်။ ဧပြီလတွင် သာယုကျေးရွာ တောင်ပေါ်မယ်တော်ဂူပွဲကျင်းပသည်။ ဇူလိုင်လတွင် မိခင်ဖခင်ပွဲကျင်းပသည်။

ဝင်ငွေ၊ ထွက်ငွေအနေဖြင့် သီးနှံရိတ်သိမ်းချိန်ဖြစ်သော အောက်တိုဘာလမှ နိုဝင်ဘာလအထိတွင် ဝင်ငွေကောင်းသောအချိန်ဖြစ်သည်။ သြဂုတ်လမှ စက်တင်ဘာလအထိ စိုက်ပျိုးပင်များကို ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ ဝယ်ယူသုံးစွဲရသောကြောင့် ဝင်ငွေအနည်းဆုံးကာလဖြစ်သည်။ ဇွန်လမှ စက်တင်ဘာလအထိ ထွက်ငွေအများဆုံးသောကာလဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးတွင် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

ကျေးရွာအုပ်စုအမည်-လွိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ -၂၂.၁၀.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| စက်ဘီး | အပ်ချုပ်စက် | ဘုရားကျောင်း |
| | | ရေလှောင်ကန် |
| | | အိမ် |
| | | မယ်တော်ဂူ |
| | | ဆေးခန်း |
| | | မူကြိုကျောင်း |
| | | မှတ်တိုင် |
| | | လူငယ်မီးစက် |
| | | ဆိုလာပြား |
| | | ဆိုင်ကယ် |
| | | ကြက်၊ဝက်၊နွား |
| | | ထော်လဂျီ |
| | | စပါးကျီ |
| | | လယ်ယာ |
| | | ကျောက်တောင် |
| | | စာသင်ကျောင်း |
| | | ရေကြည်ကန် |
| | | နှစ်ရှည်ပင် |
| | | ပြောင်းခြွေစက် |
| | | နွားလှည်း |

ပါဝင်ဆွေးနွေးသူ -

ကျား -၂၁ဦး

မ -၂၈ဦး

မှတ်တမ်းတင်သူ -

အမည် - ဦးဖိလိပို

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

ကျေးရွာအုပ်စုအမည်-လွိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ -၂၂.၁၀.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| ရေလှောင်ကန် | ကြက်၊ဝက် | ဘုရားကျောင်း |
| သစ်တော | အပ်ချုပ်စက် | စာသင်ကျောင်း |
| ဘောလုံးကွင်း | | ရေကြည်ကန် |
| လူငယ်မီးစက် | | အိမ် |
| ဆိုလာပြား | | မယ်တော်ဂူ |
| ဆိုင်ကယ် | | ဆေးခန်း |
| ထော်လဂျီ | | မူကြိုကျောင်း |
| ကျောက်၊ သဲ | | မှတ်တိုင် |
| အိမ်သာ | | နွား |
| စက်ဘီး | | စပါး |
| နွားလှည်း | | လယ်ယာ |
| | | တောင်ယာ |
| | | နှစ်ရှည်ပင် |

ပါဝင်ဆွေးနွေးသူ -

ကျား -၂၁ဦး

မ -၂၈ဦး

မှတ်တမ်းတင်သူ -

အမည် - ဦးဖိလိပို

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား သုံးသပ်ချက်


သာယုကျေးရွာအတွင်းရှိ အရင်းအမြစ်များသည် အများအားဖြင့် ကျား၊မ တန်းတူ သုံးစွဲကြသည် (ဘုရားကျောင်း၊ ရေကန်၊ ဆေးခန်း၊ စာသင်ကျောင်း၊ ရေကြည်ကန်၊ မီးစက်၊ အိမ်သာစသည်ဖြင့်)။

အမျိုးသမီးများသည် အပ်ချုပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ကြက်၊ ဝက် စသည်ဖြင့် သုံးစွဲကြပြီး အမျိုးသမီးကိုယ်တိုင် ထိန်းချုပ်ခဲ့သည်။ ကျေးရွာပိုင်အရင်းအမြစ်များကို အမျိုးသမီးထက် အမျိုးသားများကပိုမို ထိန်းချုပ်ပါသည်။ သို့သော်အမျိုးသမီးများကလည်း ဝတ်ပြုဆုတောင်းရာတွင်လည်းကောင်း၊ သာသနာရေးအလှူ၏ ကျွေးမွေးဧည့်ခံခြင်းကိစ္စရပ်များတွင် ပိုမိုဆုံးဖြတ်လုပ်ကိုင်ပိုင်ခွင့်ရှိပါသည်။

အမျိုးသားများသည် အမျိုးသမီးထက် ခွန်အားသန်စွမ်းသောကြောင့် စက်ပစ္စည်းပျက်သောအခါ ပြုပြင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းသည်ဖြစ်စေ၊ အဆောက်အဦးများ ဆောက်လုပ်သည်ဖြစ်စေ၊ ပြောင်းရွှေ့သည်ဖြစ်စေ ပိုမိုထိန်းချုပ်ရပါသည်။ အချို့သောကိစ္စများသည် အမျိုးသမီးများကိုယ်ပိုင် မလုပ်ဆောင်နိုင်သော်လည်း၊ အမျိုးသားအားအကြံအဉာဏ်များ ပေးလုပ်ဆောင်တတ်ကြသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ

ကျေးရွာအုပ်စုအမည်-လွိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ -၂၂.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ

ကျား- ၂၁

မ- ၂၈

မှတ်တမ်းတင်သူ

အမည် -

ရာထူး -

## ပင့်ကူအိမ် သုံးသပ်ချက်

### ဆုံးဖြတ်ပိုင်ခွင့်

အမျိုးသမီးများ၏ စိတ်ဓာတ်သည် နူးညံ့သိမ်မွေ့ကြသည်။ အားငယ်စိတ်လည်း ရှိကြပါသည်။ အထူးသဖြင့် ပညာမတတ်သော အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်း၊ အားငယ်ခြင်း ဖြစ်ကြသည်။ လူဝင်မဆန့်ခြင်းကြောင့် အချို့ကိစ္စများကို မိမိကိုယ်တိုင် မဆုံးဖြတ်ရဲချေ။ အမျိုးသားများသည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ စွန့်စားလိုခြင်း ရှိသောကြောင့် မည်သည့်ကိစ္စကိုမဆို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ရဲပါသည်။

### အမွေရပိုင်ခွင့်

မိရိုးဖလာ၏သတ်မှတ်ချက်အရ ကယန်းလူမျိုးများသည် သားယောကျ်ားကိုသာ အမွေခံစားခွင့်ရရှိပါသည်။ ဤတွင်ဘိုးဘွား၊ ဘီဘင်များသည် ကျား၊မခွဲခြားထားခြင်းပင် ဖြစ်သည်။ နောက်နောင်တွင် ကျား၊မမခွဲခြားဘဲ တန်းတူအမွေမျှဝေပေးမည်။ အမျိုးသမီးများ သာ အမွေရပိုင်ခွင့်မရှိသောကြောင့် လုပ်ကိုင်စားသောက်ရန် အခက်အခဲများရှိပါသည်။

### လုပ်အားပေးသွားခြင်း

ကျေးရွာအတွက် လုပ်အားပေးခေါ်ယူသောအခါ အမျိုးသမီးများသည် အမျိုးသား ထက်ပါဝင်မှုများပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ဖွဲလုံးလဝီရိယရှိ သောကြောင့်ဖြစ်သည်။

### လုံခြုံမှု

အမျိုးသမီးများသည် တောင်ယာသွားရာတွင်လည်းကောင်း၊ အခြားတစ်သို့ အလည်သွားရာတွင်လည်းကောင်း၊ မြို့သို့သွားရာတွင်လည်းကောင်း ဘေးကင်းလုံခြုံမှု သိပ်မရှိပေ။ အမျိုးသားများသည် တစ်ဦးတည်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ဘေးကင်း လုံခြုံမှုရှိသည်။

### ပညာတတ်မြောက်မှု

ဘိုးဘွားများသည် အမွေသော်လည်းကောင်း၊ ပညာသင်ယူရာတွင်သော်လည်း ကောင်း၊ သားယောကျ်ားကိုသာ ပို၍ဦးစားပေးသည်။ ယခုသည် သား၊သမီးပညာသင်ခွင့် တန်းတူပေးသည်။ သို့သော် လုပ်အားခများသည် အမျိုးသားများသည် အမျိုးသမီးများထက်

ပိုမိုခံစားရရှိခဲ့ပါသည်။ အမျိုးသမီးများစွမ်းရည်မြှင့်တင်ရန်အတွက် စာကြည့်တိုက်၊ အမျိုးသမီးနှင့်ဆိုင်သော အသက်မွေးဝမ်းကြောင်းသင်တန်းများ ရရှိရန်လိုအပ်ပါသည်။

**အိမ်မှုကိစ္စ**


အိမ်မှုကိစ္စတွင် အမျိုးသမီးကအမျိုးသားများထက် ပိုမိုစွမ်းဆောင်နိုင်သည်။ ဥပမာ- ငွေကြေးထိန်းသိမ်းမှု၊ ပစ္စည်းထိန်းသိမ်းမှု၊ သား၊သမီးကိစ္စ၊ ချက်ပြုတ်မှု၊ ဧည့်ခံကျွေးမွေးမှု၊ အိမ်တွင်းအိမ်ပြင်သန့်ရှင်းမှု ပိုမိုလုပ်ဆောင်ကြသည်။

**ကျန်းမာရေးအသိပညာ**

အမျိုးသမီးများသည် ကိုယ်တိုင်ကိုယ်ကျကလေးကို ကျွေးမွေးပြုစုစောင့်ရှောက်ရသောကြောင့် ကျန်းမာရေးအသိပညာ စူးစမ်းလေ့လာမှုရှိသည်။ အမျိုးသားများက မိသားစုဖူလုံရေးအတွက်ဦးစားပေးသောကြောင့် ကျန်းမာရေးအသိပညာနည်းပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)

ကျေးရွာအုပ်စုအမည်-လှိုင်လင်လေး ကျေးရွာအမည်- သာယု ရက်စွဲ -၂၂.၁၀.၂၀၁၇




ပါဝင်ဆွေးနွေးသူ -

ကျား -၂၁ဦး

မ -၂၈ဦး

မှတ်တမ်းတင်သူ -

အမည် - ဦးဖိလိပ်

ရာထူး - လူထုစည်းရုံးရေးမှုး

## ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

သာယုကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၅-နှစ်အောက်ကလေးကျန်းမာရေး အတွက် ပြင်ပမှလာသော save the children အဖွဲ့က သာယုကျေးရွာဥက္ကဌနှင့် ညှိနှိုင်း တိုင်ပင်ဆွေးနွေးခြင်း၊ CHDN အဖွဲ့လည်း သာယုကျေးရွာရှိ လူထုများအားလုံး ကျန်းမာခြင်း အတွက်ညှိနှိုင်းတိုင်ပင်မှုပြုလုပ်ခဲ့သည်။ ကျေးရွာဥက္ကဌသည် လူငယ်အဖွဲ့အစည်းနှင့်လည်း ဆက်စပ်ရှိသည်။ ပြင်ပမှလာသော World Vision အဖွဲ့အစည်းသည် ကျေးရွာဥက္ကဌနှင့် တွေ့ဆုံ၍ TB၊ ငှက်ဖျား၊ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးစောင့်ရှောက်မှုဆိုင်ရာ ပညာပေး လုပ်ငန်းများဆောင်ရွက်ပေးပါသည်။ IOM အဖွဲ့ကလည်း ဆေးရုံဆေးခန်းသို့ လူနာတစ်ဦး လွှဲရန်အတွက် ခရီးစရိတ် (၁၀၀၀၀)ထုတ်ပေးခဲ့ပါသည်။ ကျေးရွာရှိကျန်းမာရေးဆေးခန်းမှ ဖျားနာသော လူကြီး၊ လူငယ်၊ ကလေးများအားဆေးပေး/ဆေးထိုးခြင်း ပြုလုပ်ပေးခဲ့ပါသည်။

သာယုရွာသူရွာသားများသည် စတိတ်စင်တည်ဆောက်ခြင်းနှင့် မယ်တော်ဂူ တည်ဆောက်ခြင်းအတွက် CA အသင်း၊ အားနာအသင်း၊ လူငယ်အသင်း၊ မယ်တော်သမီး အသင်းများက ဝတ်ပြုခြင်းအလှူငွေကောက်ခံကနေလည်းကောင်း၊ အငှားလိုက်ခြင်းမှရရှိသော ဝင်ငွေဖြင့်လည်းကောင်း ရန်ပုံငွေရှာကြသည်။

ကျေးရွာဥက္ကဌသည် ပြင်ပအဖွဲ့နှင့်ချိတ်ဆက်ပြီး ရွာသူရွာသားများ ပူးပေါင်း ပါဝင်လာရန်လှုံ့ဆော်ပေးပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဥက္ကဌ၊ ရပ်မိရပ်ဖနှင့် လူငယ်များပူးပေါင်း၍ အဓိကလုပ်ဆောင်သွားခဲ့ကြပါသည်။ လူမှုရေးတွင် သာရေးနာရေး၊ ဘာသာရေးအဓိက လုပ်ဆောင်သောအဖွဲ့မှာ လူငယ်၊ CA၊ အားနာအသင်း၊ မယ်တော်သမီးအသင်းနှင့် ကလေးသူငယ်အဖွဲ့အစည်းများဖြစ်ကြသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ**

၁။ ဦးခင်မောင်ထွေး

၂။ ဒေါ်ဂျိုဝါးနာ

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ ဦးပေကြူ

၂။ ဒေါ်မားတာရ်

**လည်ပတ်ထိန်းသိမ်းရေး ကော်မတီ**

၁။ ဦးအောင်နိုင်ဦး

၂။ ဒေါ်မူဖရိုက်

**ဝယ်ယူရေးကော်မတီ**

၁။ ဦးဆာဘာတျားနို

၂။ ဒေါ်ဖရန်စွကာ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးအလယ်ဆန်တြို

၂။ ဒေါ်နော်ဆာထူးမူး

**ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ ဦးသာနို

၂။ ဒေါ်ထန်းရီ

**ငွေစာရင်းကိုင်**

၁။ ဒေါ်ကျော်ဝင်း

**ပါဝင်ဆွေးနွေးသူ -**

ကျား -၂၁ဦး

မ -၂၈ဦး

**မှတ်တမ်းတင်သူ -**

အမည် - ဦးဖိလိပို

ရာထူး - လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ဥက္ကဌ**

၁။ ဦးစောပို

၂။ ဒေါ်မြင့်မြင့်သိန်း

**ဘဏ္ဍာရေးဆပ်ကော်မတီ**

**ဥက္ကဌ**

၁။ ဦးသန်းစိန်

**စာရင်းကိုင်**

၁။ ဒေါ်နော်နီသောမြင့်

**အဖွဲ့ဝင် (ငွေထိန်း)**

၁။ ဦးမောင်ရွှေ

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

| | |
|---|---|
| ၁။ ဒေါ်အေးမြင့် | ၁၁။ ဒေါ်နန်းမလေး |
| ၂။ ဦးအောင်မြင့် | ၁၂။ ဦးလှစိုး |
| ၃။ ဒေါ်မူကြာ | ၁၃။ ဒေါ်မူနန်း |
| ၄။ ဦးခင်မောင်ထွေး | ၁၄။ ဦးအောင်သိန်း |
| ၅။ ဒေါ်ဂျူဝါးနာ | ၁၅။ ဦးမောင်ကျောက် |
| ၆။ ဦးအာပြား | ၁၆။ ဦးခွန်ထွန်းဦး |
| ၇။ ဒေါ်စန်းစန်းမော် | ၁၇။ ဒေါ်နန်းမိငယ် |
| ၈။ ဦးဖရန်းစစ် | ၁၈။ ဒေါ်ဝင်းဝင်းမောင် |
| ၉။ ဒေါ်အေးအေးဝင်း | ၁၉။ ဦးအောင်တိုး |
| ၁၀။ ဦးလှကြိုင် | ၂၀။ ဒေါ်နန်းထိုက် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၃၁ ဦး

မ - ၉ ဦး

ဦးဆောင်ဆွေးနွေးသူ-

အမည် - ဦးခွန်ချစ်လှိုင်

ရာထူး - လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး ကျော်ကိုင်း | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09780498791 | လူထုစည်းရုံးရေးမှူး၏ အမည် ဦး [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု လွိုင်[illegible]လေး | ကျေးရွာ ၁၁၇ ယ |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၇၅ | ဘာသာ (၁) ခရစ်ယာန် | ၇၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား-၆ မ - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၄ မ - ၆ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ကယန်း | ၂၄၀ | ၂၁၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၇ | ၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ၁ ☐ | ☐ ၅ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ၁ ☐ | ၁ ☐ | သားဖွားဆရာမ | ☐ ၁ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | ၈-၂ | ၆-၂ | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၆ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:30 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 1:30 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိပါ

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ကြိုင်

လက်မှတ် နေ့စွဲ 22.10.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် နေ့စွဲ 22.10.2017

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဖိုးလှမ်းပို | | | |
| နေ့စွဲ ၂၂-၁၀-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/~~တိုင်း~~ ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒီးမော့ဆိုလေး | ကျေးရွာ သဘဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂-၁၀-၁၇ | ၂၂-၁၀-၁၇ | ၁၈ | ၂၆ | ၄၄ | ကယန်း ၄၄ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂-၁၀-၁၇ | ၂၂-၁၀-၁၇ | ၁၈ | ၂၆ | ၄၄ | ကယန်း ၄၄ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၃.၁၁.၁၇ | ၁၃.၁၁.၁၇ | ၃၁ | ၉ | ၄၀ | ကယန်း-၂၄ \| ရှမ်း-၃ ဗမာ-၆ \| ပအိုဝ်း-၂ ကယား-၅ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆-၁၂-၁၇ | ၆-၁၂-၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃-၁-၁၈ | ၃-၁-၁၈ | ၄၀ | ၃၁ | ၇၁ | ကယန်း \| ၇၁ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၁၈ | ၃-၁-၁၈ | ၈ | ၄ | ၁၂ | ကယန်း \| ၁၂ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၁၈ | ၃-၁-၁၈ | ၈ | ၄ | ၁၂ | ကောင်း | ၁၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၁၈ | ၃-၁-၁၈ | ၈ | ၄ | ၁၂ | ကောင်း | ၁၂ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၁၈ | ၃-၁-၁၈ | ၈ | ၄ | ၁၂ | ကောင်း | ၁၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဖိုးကာစိုး |

| | |
|---|---|
| နေ့စွဲ ၂၂-၁၀-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/~~တိုင်း~~ ကယား | မြို့နယ် လွိုင်ကော် ကျေးရွာအုပ်စု လွိုင်ခေါင်လယ် ကျေးရွာ သာယာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးကာလ လမ်းပန်းဆက်သွယ်ရေးခက်ခဲ | ၁ | မိုးကာလ သွားလာရန် ခက်ခဲခြင်း |
| ၂ | အစည်းဝေးပြုလုပ်ရန်နေရာခက်ခဲ | ၂ | ကျေးရွာလူထု အစည်းဝေးပြုလုပ်ရန်နေရာခက်ခဲ |
| ၃ | မူကြိုကျောင်းကျဉ်းသဖြင့်ကလေးများနေထိုင် | ၃ | [illegible] ကလေးငယ်များနေရာခက်ခဲ |
| ၄ | ရန် ခက်ခဲ | ၄ | စာသင်ကျောင်း လုံခြုံမှုမရှိ |
| ၅ | စာသင်ကျောင်း ခြံ၊ အပင်များလုံခြုံမှုမရှိ | ၅ | ကလေးများ ဆေးကုသရန် ဆေး မရှိ |
| ၆ | ကလေးများ ဆေးကုသရန် ဆေး ခက်ခဲ | ၆ | အမျိုးသမီးများ - [illegible] ဆိုင်ရာမှုမရှိ |
| ၇ | | ၇ | |
| ၈ | | ၈ | |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် | ၁ | သွားလာရေး လွယ်ကူစေရန် |
| ၂ | အစည်းဝေးပြုလုပ်ရန်နေရာအဆင်ပြေစေရန် | ၂ | ခန်းမဆောက်ရန် [illegible] |
| ၃ | မူကြို ကလေးများ အဆင်ပြေရန် | ၃ | မူကြို ကလေးများ အဆင်ပြေရန် |
| ၄ | စာသင်ကျောင်း [illegible] အပင်များ လုံခြုံမှုရှိရန် | ၄ | စာသင်ကျောင်း လုံခြုံမှုရှိရန် |
| ၅ | ကလေးများ ဆေးကုသရန် အဆင်ပြေစေရန် | ၅ | လျှပ်စစ်မီးရရှိရန် |
| | | ၆ | အမျိုးသမီးများ [illegible] ဆိုင်ရာ ရှိရန် |
| | | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | ကျ + မ | ၂၆၅ | ၄၅၁ |
| ၂ | ဓါး; မ ဆောင် | ကျ + မ | | |
| ၃ | ဗုဒ္ဓကြီးကျောင်း တိုးချဲ့ | ကျ + မ | | |
| ၄ | စာသင်ကျောင်း ခြံစည်းရိုး | ကျ + မ | | |
| ၅ | ချုပ်စက်စီး | ကျ + မ | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ သင်တန်း | ကျ + မ | |
| ၂ | ကျွဲနွား သားဖွား မြင့်တင်ရေး သင်တန်း | မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၂၂.၁၀.၂၀၁၇

သာယာကျေးရွာ                                                    ရက်စွဲ-22.10.2017

မီးဖိုတိုင်း တက်ဝင်း ဖြိုးခဲ့သောနေ့တွင် ရှင်းပြခဲ့ပါသည်.

တက်ရောက်သူများ: ပြောင်းလဲခြင်း မရှိပါ..

လုပ်ငန်းစဉ် အဆင့်အားလုံး ၃ ၄ ပေါက် ရှိတာခြင်း

ဥပမာ- လမ်း ၊ ခိုင်းစေသော စီမံချက်ကို ဆုံးဖြတ်ခြင်း ကွန်ကျူတာ

ခုံ-မှန်းခြင်း တို့ကို ပြော ရှင်းပြ သွားသည်.

- ဒိုးမှုသည် အား ဆာလ ခြင်း - အရှ ဖိုပဲပိ

  - အကျပါ သာပိုပေးနိုင်

  - အရ ခွန်းချုပ်ချိုင်          . ဖိတ်ဆက် ခဲ့သည်.

အရ မိပြီး / CDD - ရိုက်ပျိုးရေး ၊ ဈေးဖြစ်ရေးနှင့် ဆည်မြောင်း ဝန်းကြီး ဌာန ဒုံး

ရှုံးပေါင်း ဖြစ်သည်.

- တစ်နှစ် လျှင် ငါးရွာ က လုပ်ငန်း လုပ်မည်. ရည်ရွယ်ချက်ကို

  လုပ်ငန်းကြီး ကြီး ရမို့ ပါ.

- ဒီနှစ် လုပ်ငန်း မပြုခဲ့ ရင် အစောင်းပေး ၁ ခါ တောင်းသာ စောင်းပေး

  ရှိမည်.

- လုပ်ငန်းပြုခဲ့ ရင် ကော်မတီ များ ဥဒီဥဒီဥဥက်ဥဥက် လုပ်ဆောင်ပေး

  ခြင်း.. ဒီနှစ်တော့ ကော်မတီ များ အရှ များ လုပ်ငန်း များကို ခက်ခဲမှု

✱ မရှိခြင်း ဆို တင် သည်.

- လူထု ပတ်ပြ၊ စီမံကိန်း ဆို သည်မှာ ရှုထု ကိုယ်တိုင် လုပ်ငန်း များ

  ကို စိစစ် ရွေးချယ်ခြင်း ဖြစ်သည်.

- လုပ်ငန်းများကို ရှုထု အတွက် တကယ် လိုအပ် သည့် အရှ လုပ်ငန်း များ ကို

  ရည်ရွယ်ထားသည်.

- အဆိုးရကြွ မြန်မြန် ဆက် သွယ် နိုင် ခြင်း ~~ရှုထောက်~~ ရည်ရွယ် ခဲ့ သည်.

- ရပ်ဒ် များ ရှိ သည်.

- လုပ်ငန်း လုပ် သည့် နေရာမှာ ကျား/မ ကန်း ကူ အစွဲ ရား ရ သည့် စီမံကိန်း

- စီမံကိန်းသည် အချိန်သတ်မှတ်ချက်ကို ဖြင့်တင်ချင်သည်။
- လူထုစီမံကိန်းသည် အမျိုးသား / သမီး တန်းတူ အခွင့်အရေးရရှိသည့် စီမံကိန်း ဖြစ်သည်။
- ရှိုးပင်လေးအုပ်စုသည် ၁၃ ရွာ ရှိသည်။ လူဦးရေ ၉ ထောင်ကျော် ရှိသည်။
- ဖြိုးဘဲ့တောနယ်သည် ရွာတိုင်း လုပ်ဖိုးရှိသည်။ ဒီနှစ် မှာတော့ ၅ ရွာ

စီမံကိန်း စက်ဝန်း အပိုင်း (၆) ပိုင်း

- အဆင့် ၆ ၄ ဆင့်
- အပိုင်း (၁) - လုပ်ငန်း ကြိုတင်ပြင်ဆင်ခြင်း (အရေးပါ ဆုံးများ လုပ်ငန်း
- အပိုင်း (၂) - လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း ( )
- အပိုင်း (၃) - လုပ်ငန်းခွဲများ ဖြင့်ဆင်ခြင်း (တကယ်ပါ အကြံပေး အရေးပါ ပေးရ
- အပိုင်း (၄) - လုပ်ငန်းခွဲ ကိုင်ပင် ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း (နည်းလမ်း
အရေးပေး လုပ်မည်။
- အပိုင်း (၅) - လုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်း။
- အပိုင်း (၆) - လုပ်ငန်း အကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။
- လုပ်ငန်းတွေကို တစ်ဆင့်ပြီး တစ်ဆင့် သွားရမည်။
- ကျေးရွာမှာ စီမံကိန်း တာဝန်ရှိသူ အစီအစဉ် ကျောင်းသူ ဖြစ်သည်။
- ဝယ်ယူရေးသည် ပစ္စည်းဝယ် ရမည်၊ ပစ္စည်း ကောင်းမွန်များ ပေးရမည်။
- ဝ ကောင်း သည် ၇ ရှိသည်။
- က ကောင်း သည် ၁၀ ရ ရှိသည်။
- ပြောင်းလဲလှုပ်ယက် ကိန်းဂဏန်း ရေးသည် နောက် လုပ်ငန်းများကို ပြန် ကြည့် ပြန်လည်
ပြန်လည် စစ်ဆေး ရမည်။
- ကော်မတီ များသည် ဆောင်ရန်၊ ရှောင်ရန် ကို ကျင့်သုံးပါ။

= { လူမှု အားနည်းခြင်း (၆) ခု ရှိသည်။
နေ့ပြောင်းလဲ မှု မရှိခြင်း။

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ခန်းမဆောင်တည်ဆောက်ခြင်း | မ (√)<br>ကျား(√) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား ( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ဆေးခန်းဝင်တံတားပြုပြင်ခြင်း | မ ( √)<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | စာကြည့်တိုက်တည်ဆောက်ခြင်း | မ ( √ )<br>ကျား(√ ) | | | |
| | ၂ | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | မ (√ )<br>ကျား( √) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းကျောက်ချောလမ်း | ၁ | | | √ | |
| ၂။ | ခန်းမဆောင်တည်ဆောက်ခြင်း | ၂ | | | √ | |
| ၃။ | အားကစားကွင်းပြုပြင်ခြင်း | ၃ | √ | | | |
| ၄။ | ဆေးခန်းဝင်တံတားပြုပြင်ခြင်း | ၄ | | √ | | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | √ | |
| ၆။ | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ၆ | | | √ | |
| ၇။ | | | | | | |
| ၈။ | | | | | | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၂၁ဦး

မ - ၂၈ဦး

မှတ်တမ်းတင်သူ -

အမည် - ဦးဖိလိပ်

ရာထူး - လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



